## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

## နှင့်

## ပြည်ထောင်စုဘဏ္ဍာရေးစောင့်ကြည့်စစ်ဆေးရေးဌာန (ရုရှားပြည်ထောင်စု)

## တို့အကြား

## ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များအားတရားဝင်ဖြစ်အောင်ပြုလုပ်ခြင်း (ငွေကြေးခဝါချခြင်း)နှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတို့အပေါ် တန်ပြန် အရေးယူဆောင်ရွက်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်

ယခုမှစ၍ နောင်တွင် စာချုပ်ဝင်နိုင်ငံများဟု ရည်ညွှန်းသုံးနှုန်းမည့် ပြည်ထောင်စုဘဏ္ဍာရေးစောင့်ကြည့် စစ်ဆေးရေးဌာန (ရုရှားပြည်ထောင်စု) နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့သည် -

ပြစ်မှုကျူးလွန်ရာမှရရှိသည့်အကျိုးအမြတ်များအားတရားဝင်ဖြစ်အောင် ပြုလုပ်ခြင်း (ငွေကြေးခဝါချခြင်း)၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည့်မှုခင်းတို့အပေါ် တန်ပြန်အရေးယူဆောင်ရွက်ရေးနယ်ပယ်တွင် အပြန်အလှန်အကျိုးရှိစေရေး ရည်ရွယ်ချက်ဖြင့် ဖြစ်နိုင်သမျှ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရေးကို ဦးတည်ကာ အောက်ဖော်ပြပါ အချက်များကို သဘောတူညီကြပါသည် -

### အပိုဒ် (၁)

စာချုပ်ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံများ၏ အမျိုးသားဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာ ဝတ္တရားများအပါအဝင် ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြမည်။ အထူးသဖြင့် သတင်းအချက်အလက်ဖလှယ်ရေးကဏ္ဍတွင် ဖြစ်ပါသည်။

### အပိုဒ် (၂)

စာချုပ်ဝင်နိုင်ငံများသည် မိမိတို့လက်ဝယ်တွင်ရှိသော ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များကို တရားဝင်ဖြစ်အောင်ပြုလုပ်ခြင်း(ငွေကြေးခဝါချခြင်း)၊အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့်ဆက်စပ်မှုခင်းနှင့်ဆက်နွှယ်သော ငွေကြေးနှင့် အခြားပစ္စည်းများ

လွှဲပြောင်းဆောင်ရွက်မှု သတင်းအချက်အလက်များ၊ အဆိုပါလွှဲပြောင်း ဆောင်ရွက်မှုတွင် ပါဝင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ၏ လှုပ်ရှားမှု၊ ဆောင်ရွက်မှု သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ ပြုပြင်တည်ဆောက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများ ဆောင်ရွက်ရန် အလို့ငှာ သတင်းအချက်အလက် ဖလှယ်ရေးကို အဓိကထား၍ ပူးပေါင်းဆောင်ရွက်ကြမည်။

## အပိုဒ် (၃)

၁။ စာချုပ်ဝင်နိုင်ငံများသည် တောင်းဆိုချက်အရဖြစ်စေ၊ မိမိဆန္ဒအလျောက်ဖြစ်စေ၊ နှစ်ဖက် စီစဉ်ထားသည့် ဆက်သွယ်ရေးနည်းလမ်းကို အသုံးပြု၍ စာဖြင့်ရေးသားချက်ဖြင့် သတင်းအချက်အလက်ဖလှယ်ရမည်။

၂။ အကူအညီတောင်းခံရာတွင် အောက်ပါအချက်များပါဝင်သည်-

(က) အကူအညီတောင်းခံသည့် စာချုပ်ဝင်နိုင်ငံ၏အမည်၊

(ခ) အကူအညီတောင်းခံခြင်းခံရသည့် စာချုပ်ဝင်နိုင်ငံ၏အမည်၊

(ဂ) အကူအညီတောင်းခံခြင်းနှင့်ပတ်သက်သည့် ထင်ရှားသောအချက်အလက်များနှင့် ယင်း၏နောက်ခံအကြောင်းအရာအကျဉ်းချုပ်ဖော်ပြချက် (အရေးပေါ်အခြေအနေအကူအညီတောင်းခံခြင်းဖြစ်ပါက အကူအညီတောင်းခံသည့်နိုင်ငံအနေဖြင့် ဤလိုအပ်ချက်ကို ညှိနှိုင်းဆောင်ရွက်နိုင်သည်နိုင်ငံ)၊

(ဃ) တောင်းခံသည့် သတင်းအချက်အလက်ဆိုင်ရာ အချက်အလက်ဖော်ပြချက်၊

(င) သတင်းအချက်အလက်တောင်းခံခြင်း၏ ရည်ရွယ်ချက်၊

(စ) ယင်းသို့ သတင်းအချက်အလက် ဖလှယ်ခြင်း ဆောင်ရွက်ရန်အတွက် လိုအပ်သော အခြားသတင်းအချက်အလက်များ။

၃။ အထက်ပါ အကူအညီတောင်းခံမှုအပေါ် သင့်လျော်သော အရေးယူဆောင်ရွက်မှုပြုရန် အတွက် အကူအညီတောင်းဆိုခြင်းခံရသည့်နိုင်ငံသည် လိုအပ်ပါက မည်သည့် ထပ်လောင်း သတင်းအချက်အလက်ကိုမဆိုတောင်းဆိုခြင်းပြုနိုင်သည်။

## အပိုဒ် (၄)

၁။ တောင်းဆိုခြင်းခံရသည့် နိုင်ငံအနေဖြင့် တောင်းခံလာသည့် အကူအညီအား အကောင်အထည်ဖော် ဆောင်ရွက်ပေးပါက မိမိ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေး သို့မဟုတ် အခြားသောအဓိကကျသည့် အကျိုးစီးပွားများအပေါ် အကျိုး သက်ရောက်မှု ရှိနိုင်ပါက သို့မဟုတ် မိမိနိုင်ငံ၏ ဥပဒေများ သို့မဟုတ် နိုင်ငံတကာ တာဝန် ဝတ္တရားများနှင့် ကွဲလွဲဆန့်ကျင်နေပါက အကူအညီတောင်းခံမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ ငြင်းဆိုနိုင်သည်။

၂။ အကူအညီတောင်းဆိုခြင်းခံရသည့်နိုင်ငံအနေဖြင့် အထက်ဖော်ပြပါ အကူအညီ တောင်းခံမှုအား ဆောင်ရွက်ရန် ငြင်းဆိုပါက အဆိုပါငြင်းဆိုရခြင်း၏ အကြောင်းအရင်း ကို အကူအညီတောင်းခံသည့် နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

## အပိုဒ် (၅)

၁။ ဤသဘောတူညီချက်အရ ရရှိသည့် သတင်းအချက်အလက်များကို အကူအညီ တောင်းဆိုခြင်းခံရသည့်နိုင်ငံ၏ စာဖြင့်ကြိုတင်သဘောတူညီချက် မရှိဘဲ အကူအညီ တောင်းခံချက်တွင် ဖော်ပြထားသည့် သို့မဟုတ် ယင်းအားထုတ်ပေးသည့် ရည်ရွယ်ချက်မှလွဲ၍ အခြားရည်ရွယ်ချက်အတွက် အသုံးမပြုရ။

၂။ ဤသဘောတူညီချက်အရ ရရှိသည့် သတင်းအချက်အလက်များကို လျှို့ဝှက်စွာ ကိုင်တွယ် ထိန်းသိမ်းရမည့်အပြင် အကူအညီတောင်းဆိုသည့် နိုင်ငံအနေဖြင့် မိမိနိုင်ငံအတွင်းရှိ အရင်းအမြစ်များမှရရှိသော အလားတူသတင်းအချက်အလက်အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အလားတူ ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ထားရှိရမည်။

၃။ စာချုပ်ဝင်နိုင်ငံများသည် မိမိတို့၏ ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာ တာဝန်ဝတ္တရားများနှင့်အညီ ရရှိသောသတင်းအချက်အလက်များအား မတော်တဆမှု ဖြစ်ပွားခြင်း သို့မဟုတ် တရားမဝင်ဖြန့်ဝေခြင်း၊ မမှန်မကန်ဖြစ်အောင်ပြင်ဆင်ခြင်း၊ ဖြန့်ဝေခြင်းနှင့် အခြားသော မည်သည့်တရားမဝင်နည်းလမ်းဖြင့် အသုံးပြုခြင်းများမှ ကာကွယ်ရန် လိုအပ်သော ဆောင်ရွက်မှုများနှင့် နည်းပညာဆိုင်ရာ ဆောင်ရွက်မှုများကို ဆောင်ရွက်ထား ရှိရမည်။

၄။ ဤသဘောတူညီချက်အရ ရရှိသည့်သတင်းအချက်အလက်များကို ယင်းတို့အား ထုတ်ဖော်ပြောကြားစဉ်က ရည်ရွယ်ချက်နှင့်အညီ လိုအပ်သည်ထက်ပို၍ ကာလကြာရှည်စွာ သိမ်းဆည်းထားခြင်းမပြုရ။ အဆိုပါ သတင်းအချက်အလက်များအား စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ တရားဝင်ဆောင်ရွက်မှုနည်းလမ်းအတိုင်းလိုက်နာ၍ ဖျက်ဆီးပစ်ရမည်။

## အပိုဒ် (၆)

၁။ စာချုပ်ဝင်နိုင်ငံ ရုရှားပြည်ထောင်စုအတွက် သတင်းအချက်အလက်ဖလှယ်ခြင်းသည် ရုရှားပြည်ထောင်စု၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်မည်။

၂။ စာချုပ်ဝင်နိုင်ငံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် သတင်းအချက်အလက် ဖလှယ်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မည်။

၃။ ဤအပိုဒ်ပါ သတင်းအချက်အလက်များအား ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များအား တရားဝင်ဖြစ်အောင်ပြုလုပ်ခြင်း (ငွေကြေးခဝါချခြင်း)၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် ဆက်စပ်သည့်မှုခင်းများအတွက် အကြိုစစ်ဆေးစီရင်ခြင်း သို့မဟုတ် တရား စီရင်ရေး ရည်ရွယ်ချက်များအတွက်သာ အသုံးပြုနိုင်သည်။

## အပိုဒ် (၇)

၁။ စာချုပ်ဝင်နိုင်ငံများသည် သတင်းအချက်အလက်ဖလှယ်ရေး လုပ်ထုံးလုပ်နည်းများ ကို မိမိတို့နိုင်ငံအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပူးတွဲစီစဉ်ဆောင်ရွက်ရမည့်အပြင် ဤသဘောတူညီချက်ပါ ကိစ္စရပ်နှင့်ပတ်သက်၍ အချင်းချင်းညှိနှိုင်းဆောင်ရွက်ရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် အကူအညီတောင်းခံချက်အရဖြစ်စေ၊ မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များအား တရားဝင်ဖြစ်အောင်ပြုလုပ်မှု (ငွေကြေးခဝါချခြင်း)၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည့် မှုခင်းနယ်ပယ်အတွင်းရှိ မိမိတို့၏ အမျိုးသားဥပဒေပြဋ္ဌာန်းချက်များအရ သတင်းအချက်အလက်များကို ဖလှယ်နိုင်သည်။

၃။ စာချုပ်ဝင်နိုင်ငံများသည် အတွေ့အကြုံများဖလှယ်ရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရန်အတွက် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် ပူးတွဲစီစဉ် ဆောင်ရွက်နိုင်သည်။

၄။ ဤသဘောတူညီချက်ပါ မည်သည့်အချက်ကမျှ အခြားသော အပြန်အလှန် လက်ခံနိုင်ဖွယ်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံများကိုစီစဉ်ခြင်းနှင့် တိုးတက်ဆောင်ရွက်ခြင်းများကို တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။

## အပိုဒ် (၈)

စာချုပ်ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းဖလှယ်ခြင်းကို အင်္ဂလိပ် ဘာသာစကားဖြင့် ဆောင်ရွက်ကြရမည်။

## အပိုဒ် (၉)

ဤသဘောတူစာချုပ်အား စာချုပ်ဝင်နိုင်ငံများ၏ အပြန်အလှန်သဘောတူညီချက်ဖြင့် နောက်ဆက်တွဲတိုးချဲ့ခြင်းပုံစံဖြင့် ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်။

Joe myaing

### အပိုဒ် (၁၀)

စာချုပ်ဝင်နိုင်ငံများသည် ဤသဘောတူညီချက်အား အနက်ဖွင့်ဆိုခြင်း သို့မဟုတ် အကောင်အထည် ဖော်ဆောင်ခြင်းများမှ ထွက်ပေါ်လာနိုင်သည့် မည်သည့် အငြင်းပွားမှုကိုမဆို ဖြေရှင်းရန်အလို့ငှာ စေ့စပ်ညှိနှိုင်းခြင်းနှင့် ညှိနှိုင်းတိုင်ပင်ခြင်းများပြုလုပ်ရမည်။

### အပိုဒ် (၁၁)

ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များသည် ရုရှားပြည်ထောင်စုနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အခြားသောနိုင်ငံတကာ သဘောတူ စာချုပ်များပါ နောက်ဆက်တွဲ မည်သည့်အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကိုမျှ ချိုးဖောက်ခြင်း မရှိစေရ။

### အပိုဒ် (၁၂)

၁။ ဤသဘောတူစာချုပ်သည် ယင်းအားလက်မှတ်ရေးထိုးသည့်နေ့တွင် စတင်အာဏာ သက်ရောက်မှု ရှိစေရမည်ဖြစ်သည်။ ထို့ပြင် စာချုပ်ဝင်နိုင်ငံနှစ်နိုင်ငံအနက်မှ နိုင်ငံတစ်နိုင်ငံ သည် ဤသဘောတူစာချုပ်အားရပ်စဲရန် မိမိ၏သဘောထားအားအခြားသော စာချုပ်ဝင် နိုင်ငံထံသို့ စာဖြင့် (၆)လ ကြိုတင်၍ အကြောင်းမကြားလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

၂။ ဤသဘောတူစာချုပ်ပါ သတင်းအချက်အလက်များအား သေချာစွာ လျှို့ဝှက်ထားရှိ ရေး ပြဋ္ဌာန်းချက်များသည် သဘောတူစာချုပ်ရပ်စဲပြီးသည့်နောက်ပိုင်းတွင် ဤ သဘောတူ စာချုပ် မရပ်စဲမီက လက်ခံရရှိခဲ့သော သတင်းအချက်အလက်များအပေါ် ဆက်လက် သက်ရောက်မှု ရှိစေရမည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်တွင် မော်စကိုမြို့ နှင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၇၇) ရက်တွင် မကာအိုမြို့၌ ရုရှား၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် မိတ္တူ(၂)စောင် ပြုလုပ် ထားရှိသည်။ ယင်းမိတ္တူများပါ စာသားများသည် အညီအမျှ၊ ညီတူညီမျှ စစ်မှန်မှုရှိသည်။

လက်မှတ် ။ ----------------------------------------

အမည် ။ စိုးမြိုင်

ရာထူး/ဌာန၊ ရဲမှူးချုပ်၊အဖွဲ့ခေါင်းဆောင်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လက်မှတ်၊ ----------------------------

အမည် ။

ရာထူး ။